# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ SWIFT Reporting Service (SWIFT Scope) တွင် အသုံးပြုရန်အတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများဖြစ်သည့် Server များ၊ Network Device များ ၊ Desktop PCs ၊ UPS ၊ Rack ၊ Microsoft Windows License နှင့် Oracle Database License တို့အား ဝယ်ယူတပ်ဆင်မည့်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် SWIFT တို့မှ အတည်ပြုပြီးသော Server များ၏ Specification များ၊ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သည့်ပစ္စည်းများ၏ Specification များ၊ အသေးစိတ်အချက်အလက်များနှင့် Bidding Document များကို ၂၂-၇-၂၀၁၉ ရက်မှ ၂၄-၇-၂၀၁၉ ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ နံနက် ၉:၃၀ နာရီမှ နေ့လယ် ၁:၃၀ နာရီအတွင်း ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင်တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် ၃ လ သက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူချိတ်ပိတ်တင်သွင်းရမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(ရန်ကုန်ဘဏ်ခွဲ)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း ၀၁-၅၅၅၅၃၀ နှင့် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း ၀၆၇-၃၄၁၈၂၉၃ တို့သို့လည်းကောင်း၊ Email လိပ်စာ PCU.cbm.fsdp@mptmail.com.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ